# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

# ကျောက်ကြီးမြို့နယ်



## လူထု ဗဟိုပြုစီမံကိန်း

## National Community Driven Development

## (NCDDP)

## ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

## Village Developement Plan (VDP)

## ဝဲကြီးကျေးရွာအုပ်စု၊ ဖိုးသောင်းစုကျေးရွာ

## ၂၀၁၈ခုနှစ်

COMMUNITY DRIVEN DEVELOPMENT

CDD

## မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA Toolsများနှင့် တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ(အသုံးပြုခဲ့သောPRAToolsတစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ ကော်မတီရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂-၃ပုံထက်မကျော်ရ)

၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁ )

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂ )

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃ )

၁၁။ အစည်းအဝေးမှတ်တမ်း


၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# မြို့နယ်မြေပုံ



# ဖိုးသောင်းစုကျေးရွာ တည်နေရာပြမြေပုံ



# ဝဲကြီးကျေးရွာအုပ်စု၊ ဖိုးသောင်းစုကျေးရွာ

ဝဲကြီးကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း(၆)ရွာပါဝင်သည်။ ၎င်းတို့မှာ

(၁) ဝဲကြီး(ကရင်)

(၂) ဝဲကြီး(ဗမာ)

(၃) မြင်သာယာ


(၄) သစ်ချဆိပ်

(၅) တိုင်ပင်

(၆) ဖိုးသောင်းစု တို့ဖြစ်ပါသည်။

# အရင်းအမြစ်ပြမြေပုံ

ကျေးရွာ - မိုးဗေသာင်းရှ အုပ်စု - ဝိကြီး နေ့စွဲ - ၁၉.၂.၁၈



# ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ဖိုးသောင်းစုကျေးရွာ၏ ကျေးရွာသမိုင်းကြောင်းနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ဖိုးသောင်းစုကျေးရွာသည် လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်က တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ဖိုးသောင်းစုကျေးရွာကို ဦးဖိုးသောင်းဆိုသူက (၁၉၅၄/၅)ခန့်က ကိုင်း၊ ယာခုတ်ရင်း စတင်နေထိုင်ခဲ့သည်။ ထိုအချိန်တွင်တဲများမှာ (၄/၅)တဲခန့်သာရှိပါသည်။ (၁၉၅၇/၈)ခုနှစ် ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဝွေးကုန်းနှင့် ကညွတ်ကွင်းမြို့ အရှေ့ဘက်ရှိ ခင်ကြီးကျေးရွာများမှ ကရင်လူမျိုးများသည် တဲစုများထိုးကာ လာရောက်ရွှေ့ပြောင်း နေထိုင်ကြပါသည်။

တဲစုလေးများကို ထိုး၍ ကျေးရွာကိုစတင်တည်ထောင်ကာ နေထိုင်သော ဦးဖိုးသောင်းကို အစွဲပြု၍ ဖိုးသောင်းစုကျေးရွာဟု ၁၉၆၅ခုနှစ်ခန့်တွင် ကျေးရွာအမည်ပေါက်လာခဲ့သည်။ ၁၉၉၄/၅ခုနှစ်ခန့်တွင် စစ်ဘေးအန္တရာယ် ဖြစ်ပေါ်လာသောကြောင့် ရန်မျိုးအောင် ကျေးရွာတွင်(၂)၊ သစ်ချဆိပ်ကျေးရွာတွင်(၇)နှစ်ခန့် နေထိုင်ခဲ့သည်။ ၂၀၀၂/၃ခုနှစ်ခန့်မှ ဖိုးသောင်းစုကျေးရွာသို့ ပြန်လည်နေထိုင်ခွင့် ရခဲ့ကြပါသည်။

ဖိုးသောင်းစုကျေးရွာသည် ကျောက်ကြီး မြို့နယ်၏ မြောက်ဘက်(၇)မိုင်ခန့်တွင် တည်ရှိပါသည်။ အိမ်ခြေပေါင်း(၁၁၀)အိမ်ရှိပါသည်။ ဖိုးသောင်းစုကျေးရွာ၏ လူဦးရေမှာ အမျိုးသား (၁၅၉)ဦးနှင့် အမျိုးသမီး(၃၇၇)ဦး တို့ဖြစ်ပါသည်။ ဖိုးသောင်းစုကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး ကရင်ဗမာရော(၄) အိမ်နေထိုင်ကြပါသည်။ ဖိုးသောင်းစု ကျေးရွာတွင် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ဖိုးသောင်းစု ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းနှင့် ခရစ်ယာန် ဘုရားရှစ်ခိုးကျောင်း နှစ်ကျောင်းရှိပါသည်။

## ပညာရေး

ဖိုးသောင်းစုကျေးရွာတွင် ၂၀၀၂/၃ခုနှစ်ခန့်မှ ပြန်လည်၍ နေထိုင်ခွင့်ရသောကြောင့် စာသင်ကျောင်းမှာလည်းမရှိသေးပါ။ ကလေးများ စာတတ်မြောက်စေရန်အတွက် ကိုယ်ထူ ကိုယ်ထ စာသင်ကျောင်းဖြင့် စတင်သင်ကြားခဲ့ရပါသည်။ မမယမ်းကျေးရွာပျက်သောအခါ ထိုကျေးရွာမှ စာသင်ကျောင်းSectionကို ၂၀၀၆ခုနှစ်မှ ဖိုးသောင်းစုကျေးရွာသို့ လွှဲပြောင်း ပေးခဲ့သည်။ ထိုအချိန်မှ ဖိုးသောင်းစုကျေးရွာတွင် ကိုယ်ပိုင်စာသင်ကျောင်းများ ရရှိခဲ့ပါသည်။

ယခုအချိန်တွင် ဖိုးသောင်းစုကျေးရွာ၌ မူလတန်းကျောင်းတစ်ကျောင်းရှိပြီး သာသနာကျောင်း နှစ်ကျောင်းရှိပါသည်။ စာသင်ကျောင်းဆောင် မလုံလောက်ခြင်းနှင့် ယိုယွင်းခြင်းတို့ကြောင့် ကလေးများပညာသင်ကြားရာတွင် အခက်အခဲရှိပြီး လုံခြုံမှုမရှိပေ။ ထိုကျောင်းဆောင်ကို ပြင်ဆင်ရန်လိုအပ်ကြောင်း သိရပါသည်။ ၂၀၁၆ခုနှစ်တွင် လူထုဗဟိုစီမံကိန်းမှ ထို စာသင်ကျောင်းအား ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ စာသင်ကျောင်း ဆောင်သစ်ဆောက်လုပ်ရန် အစီအစဉ်များရှိကြောင်း သိရပါသည်။

## လမ်းပန်းဆက်သွယ်ရေး

ဖိုးသောင်းစုကျေးရွာ၏ ရွာတွင်းလမ်းများမှာ ဂဝံမြေခင်းထားသော်လည်း မိုးရာသီတွင် ရွှံ့ဗွက်များ၊ ချိုင့်ခွက်များရှိခြင်းတို့ကြောင့် ကလေးများကျောင်းသွားရာတွင်ခက်ခဲခြင်း၊ သက်ကြီးရွယ်အိုများနှင့် ရွာသူရွာသားများသွားလာရာတွင်အခက်အခဲများရှိခြင်း၊ အရေးပေါ် ကျန်းမာရေးအခြေအနေတွင် သွားလာရာ၌နှောင့်နှေးခြင်းများဖြစ်ပေါ်ပါသည်။ ထိုကြောင့် ရွာတွင်းလမ်းကို ပြင်ဆင်ရန်လိုအပ်ကြောင်း သိရပါသည်။ ၂၀၁၇ခုနှစ်တွင် ဖိုးသောင်းစုကျေးရွာ ကို လူထုဗဟိုစီမံကိန်းမှ ရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းနှင့်ရေမြောင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ပြီဖြစ်သည်။

## ကျန်းမာရေး

ဖိုးသောင်းစုကျေးရွာသည် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကျန်းမာရေး အခြေအနေများဖြစ်ပေါ်လာပါက ကျောက်ကြီးမြို့သို့သွားရောက်ကုသရပါသည်။ ဆေးပေးခန်း မရှိသောကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေတွင် ကုသရန်ခက်ခဲပါသည်။

## စီးပွားရေး

ဖိုးသောင်းစုကျေးရွာသည် လယ်၊ ကိုင်း၊အလုပ်များဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ဖိုးသောင်းစုကျေးရွာသည် မိုးရာသီတွင် လယ်လုပ်ငန်းများကို အားသွန်ခွန်စိုက် ထွန်ယက်စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် ကိုင်းသီးနှံများကိုစိုက်ပျိုးကြပါသည်။မြေပိုင်ယာပိုင် မရှိသော ကျေးရွာလူထုများမှာ နေ့စားအလုပ်သမားများအဖြစ်လုပ်ကိုင်ကြပြီး၊ အချို့မှာလည်း တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။အလုပ်အကိုင်အခွင့်အလမ်းများနည်း ပါးသောကြောင့် စားဝတ်နေရေးမှာ အဆင်မပြေလှပေ

## သောက်သုံးရေ

ဖိုးသောင်းစုကျေးရွာတွင် ရေတွင်းနှင့် လက်နှိပ်တုံကင်ကိုအသုံးပြုရပြီး သန့်ရှင်းစင်ကြယ်သောသောက်သုံးရေရရှိခြင်းမရှိပေ။ ကျန်းမာရေးအတွက်သင့်တော်သော သောက်ရေသန့်တွင်းများ လိုအပ်မှုရှိပေသည်။

## ပြဿနာအနှစ်ချုပ်

ဖိုးသောင်းစုကျေးရွာ၏ ပြဿနာအနှစ်ချုပ်မှာ မိုးရာသီတွင်ရွာတွင်းလမ်းမကောင်းသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည်တို့ တိုးတက်မှုအားနည်းပြီး ဝင်ငွေကောင်းမွန်သော  အလုပ်အကိုင်ရှားပါးမှုကြောင့် လူနေမှုအဆင့်အတန်းမှာ မြို့ပြနှင့် အလှမ်းကွာလှသည်။

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ - ဖိုးသောင်းစုရွာသူ/သားများ

# ဓနအင်အားသက်မှတ်ခြင်း

ကျေးရွာ-ဖိုးသောင်းစု　　　　　　　　　　ရက်စွဲ - ၁၉ . ၂ . .၂၀၁၈

အုပ်စု - ဝဲကြီး

| အမျိုးအစား | သက်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ကေ(၁၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊စပါးချွေစက်၊စပါးရိတ်စက်၊တိုက်ခံအိမ်(၂)ထပ်တို့ကိုပိုင်ဆိုင်ထားကြပြီးငွေပိုငွေလျှံရှိသူ | ၅ | ၅% |
| အလယ်အလတ် | လယ်ကေ(၅)၊နွား(၂)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၂၅ | ၂၃% |
| နွမ်းပါး | လုံးစွပ်အိမ်၊ခြံ၊သက်ငယ်မိုး၊ထရံကာ၊စက်ဘီး၊ | ၆၀ | ၅၄% |
| အနွမ်းပါးဆုံး | ဝါး၊တဲအိမ်သက်ငယ်မိုး၊ခြံမရှိသက်ငယ်ကာအိမ် | ၂၀ | ၁၈% |
| စုစုပေါင်း | | ၁၁၀ | ၁၀၀% |

## ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊ဖိုးသောင်းစုကျေးရွာ
## ဓနအင်အားသက်မှတ်ခြင်း သုံးသပ်ချက်

**ကျေးရွာ-ဖိုးသောင်းစု ရက်စွဲ - ၁၉. ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

ဖိုးသောင်းစုကျေးရွာတွင် ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးအုပ်စုနှင့် အနွမ်းပါးအုပ်စုဟူ၍ အုပ်စု(၄)မျိုး ရှိပါသည်။ လယ်ဧက(၁၀)၊ နွား(၄)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ စပါးချွေစက်၊ စပါးရိတ်စက်၊ တိုက်ခံအိမ်(၂)ထပ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေပိုငွေလျှံရှိသောသူများကို ချမ်းသာ အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၅)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၅%)ရှိပါသည်။

လယ်ဧက(၅)၊ နွား(၂)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ် ပျဉ်ထောင် သွပ်မိုးအိမ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေကြေးပြေလည်သူများကို အလယ်အလက်အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၂၅)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၂၃%)ရှိပါသည်။

လုံးစွပ်အိမ်၊ သက်ငယ်မိုး၊ ထရံကာ၊ စက်ဘီး၊ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စုအဖြစ်သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၆၀)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၅၄%)ရှိပါသည်။

ဝါးအိမ်၊ ယင်းကာ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စု အဖြစ်သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၂၀)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၁၈%)ရှိပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**

**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊ဖိုးသောင်းစုကျေးရွာ**

**အရင်းအမြစ် အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်း သုံးသပ်ချက်**

**ကျေးရွာ-ဖိုးသောင်းစု ရက်စွဲ - ၁၉. ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

ဖိုးသောင်းစု ကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ အပ်ချုပ်စက်၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ စပါးချွေစက် ၊ ဆန်စက် တို့ရှိပါသည်။ ထိုအရင်းအမြစ်နှင့်ပါတ်သတ်၍ အိမ်၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ ဂက်၊ အပ်ချုပ်စက်များကို အမျိုးသမီးများက အသုံးပြုကြပြီး လယ်၊ လှည်း၊ ကျွဲ/နွားနှင့် စပါးချွေစက်၊ ဆန်စက်ကို အမျိုးသားများက အသုံးပြုကြပါသည်။

ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့သည် အိမ်၊ ခြံ၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်၊ လှည်း၊ နွား/ကျွဲကို အတူတကွ ထိန်းချုပ်ကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်းချုပ်ကြပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**

**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

# ကျားမရေးရာအရင်းအမြစ်

ကျေးရွာ-ဖိုးသောင်းစု ရက်စွဲ - ၁၉ . ၂ .၂၀၁၈

အုပ်စု - ဝဲကြီး

| ကျေးရွာ အရင်းအမြစ် | အရင်းအမြစ်များအသုံးပြုမှု | | | အရင်းအမြစ်များထိန်းချုပ်မှု | | |
|---|---|---|---|---|---|---|
| | ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | ✦ | | | | | ✦ |
| ကျွဲ/နွား/လှည်း | ✦ | | | | | ✦ |
| ကြက်/ဝက် | | ✦ | | | ✦ | |
| အိမ်/ခြံ | | | ✦ | | | ✦ |
| ဆန်စက် | ✦ | | | ✦ | | |
| စက်ဘီး/ဆိုင်ကယ် | | | ✦ | | | ✦ |
| အပ်ချုပ်စက် | | ✦ | | | ✦ | |
| လယ်ထွန်စက် (အသေး) | ✦ | | | ✦ | | |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊
ဖိုးသောင်းစုကျေးရွာ၏ ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ- ဖိုးသောင်းစု ရက်စွဲ - ၁၉.၂.၂၀၁၈

အုပ်စု - ဝဲကြီး

ဖိုးသောင်းစုကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်၊ ကိုင်းနှင့် ကျဘမ်းလုပ်ငန်းများဖြစ်၍ ရာသီအလိုက် သင့်လျော်သလို လုပ်ကိုင်စားသောက်ကြရသည်။ တန်ခူးလတွင် နေပူ၍ ပွဲတော်အဖြစ် သင်္ကြန်ပွဲတစ်ခုသာ ရှိပါသည်။ လယ်လုပ်ငန်းဝင်ရန်အတွက် ပြင်ဆင်နေသော အချိန်ကာလလည်းဖြစ်သည်။ ကဆုန်လတွင် ပွဲတော်အဖြစ်ကျင်းပခြင်းမရှိပေ။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းပြီဖြစ်၍ လယ်ယာလုပ်ငန်းများကို အားသွန်ခွန်စိုက် အလုအယက် စိုက်ပျိုးနေသော အချိန်ကာလလည်း ဖြစ်သည်။ တစ်ဖက်တွင် ရေလုပ်ငန်းလုပ်ကိုင်ကြသူများမှာ ကွန်ပစ်ခြင်း၊ ပိုက်ချခြင်းများကို လုပ်ကိုင်ကြသည်။ ထိုအချိန်ကာလသည် သွေးလွန်တုပ်ကွေး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသော အချိန်ကာလ ဖြစ်သည်။ ကျေးရွာတွင် မည်သည့်ပွဲမှ မရှိပါ။

တော်သလင်းလတွင်ရေများသည် ကမ်းလုံးပြည့်လျှံ၍ရေကြီးသော အချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် မိုးအနည်းငယ်သာ ရွာသွန်းသည်။ ကဆုန်၊ နယုန်လက စိုက်ပျိုးခဲ့သော စပါးများကို ရိတ်သိမ်းသော အချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် ပွဲတော်အဖြစ် ကျင်းပခြင်း မရှိပါသည်။ တစ်ဖက်တွင်လည်း ကိုင်းလုပ်ငန်းများ လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။

တန်ဆောင်မုန်းလတွင် မိုးလေကင်းလွတ်ပြီ ဖြစ်သည်။ ကိုင်းလုပ်ငန်းဖြစ်သော ပဲစိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြသည်။ ထို့အပြင်

ခရစ်စမတ်ပွဲတော်ကိုလည်းကျင်းပကြသည်။ ပြာသိုလတွင် (ကရင်) နှစ်သစ်ကူး ပွဲတော်ကိုလည်း ကျင်းပသည်။ ပြာသိုနှင့် တပို့လများတွင် အစောစိုက်စပါးများကို ရိတ်သိမ်းနေကြသည်။ ဝင်ငွေများစွာ ရှိသော အချိန်လည်း ဖြစ်သည်။

## ပြဿနာအနှစ်ချုပ်

အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် တစ်နှစ်တာဝင်ငွေလုံလောက်မှု မရှိပါ။လူမှုရေး၊ကျန်းမာရေး၊စားသောက်ရေးအခက်အခဲများရှိသည်။ဝင်ငွေနည်းပါးခြင်းတို့ကြောင့်အမျိုးသမီးများ၏ အိမ်တွင်းမှု စီမံခန့်ခွဲရာတွင် အခက်အခဲများ ရှိပါသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ရာသီခွင်ပြက္ခဒိန်

ကျေးရွာ - ဖိုးသောင်းစု


အုပ်စု - ဝဲကြီး ရက်စွဲ - ၁၉. ၂ . ၂၀၁၈

| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်၊ ကောက်စိုက် | | ★ | ★★ | ★★★ | ★★★ | ★ | ★ | ★★ | ★★★ | ★★ | ★ | |
| ကိုင်းပဲရိတ် | | | | | | | △ | △△ | ▲▲▲ | △△△ | | |
| ကျန်းမာရေး | | ♥ | ♥♥ | ♥♥ | ♥♥ | ♥ | ♥ | ♥ | ♥ | | | |
| ဝင်ငွေကောင်းချိန် | | ↷ | | ↷↷ | ↷↷ | | ↷ | ↷↷ | ↷↷↷ | ↷↷ | ↷ | |
| ပွဲတော်ချိန် | ☺ | | | | | ☺ | | ☺☺ | | | ☺ | |
| ကျဘမ်း | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ |

# ဖွဲ့စည်းချိတ်ဆက်မှု

ကျေးရွာ - **ဖိုးသောင်းစု** အုပ်စု - ဝဲကြီး

ရက်စွဲ - ၁၉. ၂ .၂၀၁၈




ဦးဆောင်ဆွေးနွေးသူ- ဒေါ်ဇာလီထွန်း၊ဒေါ်ခင်မြတ်လေးနိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ဖွဲ့စည်းချိတ်ဆက်မှုသုံးသပ်ချက်

ကျေးရွာ-ဖိုးသောင်းစု ရက်စွဲ - ၁၉.၂.၂၀၁၈

အုပ်စု - ဝဲကြီး

ဖိုးသောင်းစုကျေးရွာတွင် အဖွဲ့အစည်းများစွာ ရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ရပ်မိရပ်ဖ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အတွင်းရေးမှူး၊ အသင်းတော်လူငယ်အဖွဲ့၊ အမျိုးသမီးအသင်းတော်အဖွဲ့၊ ၅ဦးကော်မတီKNUအဖွဲ့၊ CDDကော်မတီအဖွဲ့တို့ ဖြစ်ပါသည်။ အဖွဲ့အစည်းများအားလုံးကို ကျေးရွာအတွက် အဓိကကျသော အဖွဲ့အစည်းများအဖြစ် သက်မှတ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်CDD၊ KNU၊ ရဲစခန်း၊ မြို့နယ်သာသနာအဖွဲ့တို့သည် ကျေးရွာပြင်ပတွင်ရှိသော အဖွဲ့အစည်းများဖြစ်ကြသည်။

ရွာတွင်းအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုများစွာရှိကြောင်း သိရှိရပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခဖြစ်ပွားမှု မရှိကြောင်း သိရှိရပါသည်။

# ပြဿနာအနှစ်ချုပ်

**အဖွဲ့အစည်းအသီးသီးနှင့်ပက်သက်မှုရှိသော်လည်းဗဟုသုတနည်းပါးသောကြောင့်ချိတ်ဆက်မှုအားနည်းသည်ကိုတွေ့ရသည်။**

ဦးဆောင်ဆွေးနွေးသူ-ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း


ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ပင့်ကူအိမ်ပုံ

ကျေးရွာ - ဖိုးသောင်းစု အုပ်စု - ဝဲကြီး ရက်စွဲ -၁၉.၂.၂၀၁၈

အမျိုးသား - 

အမျိုးသမီး - 



# ပင့်ကူအိမ်ပုံသုံးသပ်ချက်

ကျေးရွာ-ဖိုးသောင်းစု ရက်စွဲ - ၁၉. ၂ .၂၀၁၈

အုပ်စု - ဝဲကြီး

ဖိုးသောင်းစုကျေးရွာတွင် ဘာသာရေးနှင့် ရပ်ရေးရွာရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။ လုပ်ရသောလုပ်ငန်းများမှာ တူညီမှုမရှိပေ။ မျိုးသားများနှင့် အမျိုးသမီးများ ခွဲခြားမှုမရှိပေ။

အမျိုးသားများသည် စီးပွားရေးလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရသောကြောင့် ဝင်ငွေများစွာရရှိပြီး အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်မှု အားနည်းသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေရသောကြောင့် အပြင်စီးပွားရေးကို ထွက်မလုပ်နိုင်သဖြင့် အမျိုးသားများ ဝင်ငွေများစွာ ရရှိအောင် မစွမ်းဆောင်နိုင်ပေ။ အမျိုးသမီးများသည် ရာသီအလိုက် ပေါ်ပေါက်လာသော လုပ်ငန်းများကိုသာ လုပ်ကိုင်နေရပါသည်။ အမျိုးသမီးများသည် အချိန်မတော်သွားလာရခြင်း၊ အင်အားကို အဆမတန်အသုံးပြုရခြင်းတို့ကြောင့် အလုပ်လုပ်ကိုင်မှု နည်းပါးလာသည်။

ပညာရေးနှင့်ပက်သက်၍ တန်းတူ ပညာသင်ကြားခွင့် ရှိသည်။ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ဖြတ်ထိုးဉာဏ်ကောင်းသောကြောင့် ဆုံးဖြတ်ချက်ချမှု၊ ဦးဆောင်နိုင်မှု များပြားသည်။ လုပ်အားခ ရရှိမှုမှာလည်း တူညီသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်လုပ်ငန်းစဉ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၄.၂.၁၈ | ရှာသူရှာသားများ | ၇ | ၃၀ | ၃၇ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄.၂.၁၈ | ရှာသူရှာသားများ | ၇ | ၃၀ | ၃၇ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၁၄.၂.၁၈ | ရှာသူရှာသားများ | ၇ | ၃၀ | ၃၇ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄.၂.၁၈ | ရှာသူရှာသားများ | ၅ | ၃၅ | ၄၀ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |



ဖိုးသောင်းစုကျေးရွာပထမအကြိမ်နှင့်ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး





ဖိုးသောင်းစုကျေးရွာပထမအကြိမ်နှင့်ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>နေလှသစ်ထွန်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>- | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ခင်မြတ်လေးနိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝကြီး | ကျေးရွာ မိုးဘောင်းရ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ကရင် | ၁၀၇ | ဘာသာ (၁) ခရစ်ယာန် | ၁၀၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ဗုဒ္ဓ------ | ၄ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)----------- ကရင် / ခရစ်ယာန် | ၃၄၆ | ၃၆၄ |
| လူမျိုးစု (၂)----------- ကရင်/ဗုဒ္ဓ | ၁၃ | ၁၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၄ | ၂၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | | | | |
| မူလတန်းကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလွန်ကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အထက်တန်းကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အခြား | ☐ | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အရံသင်ကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင် မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | မော်တော်ဆွဲသူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း (circled) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ ၂၀၁၃

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ (circled)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၅--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၄၅း၀၀--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန်---၁း၃၀----------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------CSSDD------

(၂) ------KDN------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့ ၂၄.၂.၁၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မြတ်လေးနိုင်

လက်မှတ် [signature] နေ့စွဲ ၂၄.၂.၁၈

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေးဆွေ | | | | | | |
| နေ့စွဲ ၁၉.၂.၁၈ | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | ပဲခူးတိုင်း | မြို့နယ် | ကျောက်ကြီး | ကျေးရွာအုပ်စု | ဝကြီး | ကျေးရွာ ထုံးဘောင်းရ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၉.၂.၁၈ | ၁၉.၂.၁၈ | ၁၄ | ၆၄ | ၇၈ | ကရင် | ၇၈ | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၂.၁၈ | ၁၉.၂.၁၈ | ၁၄ | ၆၄ | ၇၈ | | | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃.၂.၁၈ | ၂၃.၂.၁၈ | ၁၀ | ၁၃ | ၂၃ | ဗမာ<br>ကရင် | ၁၁<br>၁၂ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၃.၁၈ | ၂၁.၃.၁၈ | ၁၁ | ၄၇ | ၅၈ | ကရင် | ၅၈ | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၁.၃.၁၈ | ၂၁.၃.၁၈ | ၁၁ | ၄၇ | ၅၈ | ကရင် | ၅၈ | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၄.၄.၁၈ | ၄.၄.၁၈ | ၅ | ၅ | ၁၀ | ကရင် | ၁၀ | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၄.၄.၁၈ | ၄.၄.၁၈ | ၅ | ၅ | ၁၀ | ကရင် | ၁၀ | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၁.၃.၁၈ | ၂၁.၃.၁၈ | ၁၁ | ၄၇ | ၅၈ | ကရင် | ၅၈ | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေးနိုင် | | | |
| နေ့စွဲ ၁၉.၂.၁၈ | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု | ကျေးရွာ ဖိုးသောင်းခွ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | နွေရာသီတွင်ရေခန်းခြောက်သောကြောင့် ရေရှားပါးခြင်း။ | ၁ | စာသင်ကျောင်းဆောင်မလုံလောက်သောကြောင့် ကလေးများပညာသင်ကြားရာတွင် ခက်ခဲခြင်း။ |
| ၂ | ဆေးပေးခန်းမရှိသောကြောင့် လျှင်မြန်စွာဆေးကုသမှုမရခြင်း။ | ၂ | ရွာတွင်းလမ်းမကောင်းသောကြောင့် သွားလာရန်ခက်ခဲခြင်း။ |
| ၃ | ကျောင်းခြံစည်းရိုးမကောင်းသောကြောင့် ကျွဲနွားအန္တရာယ်ရှိခြင်း။ | ၃ | နွေရာသီတွင်ရေခန်းခြောက်သောကြောင့် ရေရှားပါးခြင်း။ |
| ၄ | ခန်းမမရှိသောအစည်းအဝေးများပြုလုပ်ရာတွင်ခက်ခဲခြင်း။ | ၄ | ကျောင်းခြံစည်းရိုးမကောင်းသောကြောင့် ကလေးများပညာသင်ကြားရာတွင် အန္တရာယ်ကျရောက်ခြင်း။ |
| ၅ | စာကြည့်တိုက်မရှိသောကြောင့် ဗဟုသုတနည်းပါးခြင်း။ | ၅ | ခန်းမဆောင်မရှိသောကြောင့် အစည်းအဝေးများပြုလုပ်ရန်ခက်ခဲခြင်း။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလုပ်ထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | သန့်ရှင်းသောသောက်ရေတွင်းဖြင့် ရေလုံလောက်စွာရရှိစေချင်။ | ၁ | ရွာတွင်းလမ်းကောင်းမွန်စွာ သွားလာရေး အဆင်ပြေမည်။ |
| ၂ | ဆေးပေးခန်းရှိလျှင် ကျန်းမာရေးအတွက်အထောက်အကူဖြစ်မည်။ | ၂ | သန့်ရှင်းလုံလောက်သော သောက်သုံးရေရရှိစေချင်သည်။ |
| ၃ | ကျောင်းခြံစည်းရိုးရှိလျှင် ကလေးများလုံခြုံစွာပညာသင်ကြားနိုင်မည်။ | ၃ | ကျောင်းခြံစည်းရိုးရှိလျှင် ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်မည်။ |
| ၄ | အစည်းအဝေးများကို သက်သောင့်သက်သာ ပြုလုပ်နိုင်မည်။ | ၄ | အစည်းအဝေးများကို သက်သာစွာ အချိန်မရွေး ပြုလုပ်နိုင်မည်။ |
| ၅ | စာကြည့်တိုက်ရှိလျှင် ဗဟုသုတတိုးပွားနိုင်မည်။ | ၅ | မီးရှိလျှင် [illegible] အဆင်ပြေလာမည်။ |

| | | | |
|---|---|---|---|
| | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်း ဆောင်သစ် ဆောက်လုပ်ခြင်း | မ | ၁၉000000 | ၇၃၆ |
| ၂ | ရွာတွင်း ကျောက်ချော လမ်း | ကျ + မ | ၃0000000 | ၇၃၆ |
| ၃ | ကျောင်း ခြံစည်းရိုး | ကျ + မ | ၉000000 | ၇၃၆ |
| ၄ | [illegible] | ကျ + မ | ၆000000 | ၇၃၆ |
| ၅ | [illegible] | ကျ | ၁၅00000 | ၇၃၆ |
| ၆ | [illegible] | ကျ + မ | ၆000000 | ၇၃၆ |
| ၇ | [illegible] | ကျ + မ | ၂0000000 | ၇၃၆ |
| ၈ | [illegible] | ကျ + မ | ၆000000 | ၇၃၆ |

င။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

Sector [illegible] other

| အစဉ် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ ၁၉ - ၂ - ၁၈

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ခင်မြတ်လေးနိုင်

နေ့စွဲ ၂၃.၂.၂၀၁၈

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း: ပဲခူးတိုင်း | မြို့နယ် | ကျောက်ကြီး | ကျေးရွာအုပ်စု ဝဲကြီး

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| သစ်ချဆိပ် | ကျောင်းဖြဲနေသည့် ... ပြုပြင်ခြင်း | ၁၂၀'x၆' | ၁၃၃၄ | ☐ ကျား ☐ မ ☑ ကျား+မ | ၆၂၀၀,၀၀၀ | | | | |
| တိုင်ပင် | ကျောင်းဆောင် သစ်ဆောက်လုပ်ခြင်း | ၃၀'x၆၀'x၁၂' | ၇၇၉ | ☐ ကျား ☐ မ ☑ ကျား+မ | ၃၉,၀၀၀,၀၀၀ | | | | |
| မိုးသောင်းစု | ကျောင်းဆောင် သစ်ဆောက်လုပ်ခြင်း | ၃၀'x၆၀'x၁၂' | ၇၃၆ | ☐ ကျား ☐ မ ☑ ကျား+မ | ၁၉,၀၀၀,၀၀၀ | | | | |
| ဝဲကြီး (စမာ) | ကွန်ကရစ်လမ်း ခင်းခြင်း | ၂၈၄'x၃'x၃" | ၅၅၆ | ☐ ကျား ☐ မ ☑ ကျား+မ | ၆,၀၀၀,၀၀၀ | | | | |
| ဝဲကြီး (စမာ) | ကျောင်းအိမ်သာဆောက်လုပ်ခြင်း | ၁၀'x၅'x၇' | ၅၅၆ | ☐ ကျား ☑ မ ☐ ကျား+မ | ၂၇၃၀,၀၀၀ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးအောင်နိုင် (signature)

နော်ဝါးဂေမူး (signature)

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အထိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည်

နေ့စွဲ

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း | ပဲခူးတိုင်း | မြို့နယ် | ကျောက်ကြီး | ကျေးရွာအုပ်စု

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဝကြီး (ကရင်) | ကျောင်းဆောင် သစ်ဆောက် လုပ်ခြင်း | ၃၀'x၆၀'x၇' | ၈၆၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၃၉၀၀၀၀၀၀ | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦးအောင်မိုင် [signature]

နော်ဝါးဂေမူ [signature]

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၁၉)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ဖိုးသောင်းစု ကျေးရွာ ခင်ကြီးသာသနာခန်းမတွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမအကြိမ်နှင့်ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး။

### ၁။ အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ဇာလီထွန်း | လက်ထောက်နည်းပညာမှူး |
| ၂။ | ဒေါ်ခင်မြတ်လေးခိုင် | လူထုစည်းရုံးရေးမှူး |
| ၃။ | ကော်မတီဝင် | PC 12 |

### ၂။ ရည်ရွယ်ချက်

စီမံကိန်းအကြောင်း မိတ်ဆက်ခြင်းနှင့် ကျေးရွာတွင်းရှိ ကော်မတီဝင်များအား ပြန်လည်ရွေးချယ်နိုင်ရန်။

### ၃။ ဆွေးနွေးခြင်း

အစည်းအဝေးအခမ်းအနားတွင် အဖွင့်အမှာစကားအဖြစ် ဖိုးသောင်းစုကျေးရွာ အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ စီမံကိန်းဝန်ထမ်းများမှ မိတ်စကား ပြောကြားပြီး စီမံကိန်းရည်ရွယ်ချက်၊ ဝေဖန်အကြံပြုနှင့်သက်ဆိုင်သော အကြောင်းအရာများ ကျား-မ ရေးရာအကြောင်းအရာများကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြတ်လေးခိုင်မှ ကျေးရွာ လူထု သဘောပေါက်နားလည်အောင် အကျယ်တဝင့် ရှင်းပြခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းလုပ်ဆောင်ရန်အတွက် အရေးကြီးသောဆောင်ရန်/ရှောင်ရန်၊ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများနှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ၊ အကာ အကွယ်များအကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်ဇာလီထွန်းမှ ပြောကြားခဲ့ပါ သည်။

စေတနာ့ဝန်ထမ်း လုပ်ဆောင်ရမည် ကော်မတီဝင်၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီးနောက် စေတနာ့ဝန်ထမ်း(၂)ဦးကို ဦးစွာရွေးချယ် ခဲ့ပါသည်။ ထို့နောက် ကျေးရွာ လူထုကို အုပ်စုများခွဲ၍ PRAများ ပြုလုပ်ခဲ့ကြပါသည်။ ကျေးရွာအတွက် အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့အတွက် အဓိကလိုအပ်သော အခက်အခဲနှင့်မျှော်မှန်းချက်များကို ဖော်ထုတ်

ပေးနိုင်ခဲ့သည်။ ထိုအခက်အခဲနှင့် မျှော်မှန်းချက်များ ပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းများကို ဆက်လက်၍ ရွေးချယ်နိုင်ခဲ့ကြပါသည်။

ထို့နောက် ကော်မတီဝင်များကို ကျေးရွာလူထုသဘောကျ ဆက်လက်၍ ရွေးချယ်ခဲ့ကြပါသည်။

၄။ဆုံးဖြတ်ချက်

ကျေးရွာအတွက်လိုအပ်သော ဦးစားပေးလုပ်ငန်းကို သဘောတူ ရွေးချယ်ခြင်း။ ကျေးရွာလူထု စိတ်တိုင်းကျ ကော်မတီဝင်များကို သဘောတူရွေးချယ်ခဲ့သည်။

၅။ အစည်းအဝေးပြီးဆုံးချိန်

ဆက်လက်ဆွေးနွေးရန် မရှိသောကြောင့် အစည်းအဝေးကို နေ့လည်(၄း၀၀)အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မြတ်လေးခိုင်
လူထုစည်းရုံးရေးမှူး

စာအမှတ်( ၁ ) CDD ဝဲကြီးကျေးရွာအုပ်စု၊ ဖိုးသောင်းစုကျေးရွာ (ဝက)။

ရက်စွဲ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ( ၁၉ )ရက်။

ဖြန့်ဝေခြင်း
မိတ္ထူကို ကျေးရွာ
ရုံး

# ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ဖိုးသောင်းစုကျေးရွာ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမည် | အဆိုပြုသူ | | | ခုနှစ် | ဆောင်ရွက်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|---|---|
| | | | က | မ | က+မ | | | |
| အခြေခံအဆောက်အအုံ | ၁။ | စာသင်ကျောင်း ဆောင်သစ်ဆောက်လုပ်ခြင်း | | မ | | ၂၀၁၈ | ပညာရေးဌာန | လူထုဗဟိုပြု စီမံကိန်း |
| | ၂။ | ရွာတွင်းကျောက်ချောလမ်းပြုပြင်ခြင်း | | | က+မ | ၂၀၁၈ | | လူထုဗဟိုပြု စီမံကိန်း |
| | ၃။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | | | က+မ | ၂၀၁၈ | ပညာရေးဌာန | လူထုဗဟိုပြု စီမံကိန်း |
| | ၄။ | ဘက်စုံသုံးခန်းမ | က | | | ၂၀၁၈ | | |
| | ၅။ | စာကြည့်တိုက် | | | က+မ | | | |
| ကျန်းမာ ရေး | ၁။ | ဆေးပေးခန်း | | | က+မ | ၂၀၁၈ | ကျန်းမာရေးဌာန | |
| လျှပ်စစ် | ၁။ | လျှပ်စစ်မီးသွယ်တန်း | | | က+မ | ၂၀၁၈ | လျှပ်စစ်ဌာန | |
| အသက်မွေးဝမ်းကြောင်း | ၁။ | စက်ချုပ်သင်တန်း | | မ | | ၂၀၁၈ | | |
| ရေရရှိရေး | ၁။ | စက်ရေတွင်းနှင့် ရေလှောင်ကန် | | | က+မ | | | |